သက်တော်လေးဆယ်တွင်အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ထံ ဝဟီဗျာဒိတ်တော်ကျရောက်ခဲ့သည်။

အိဗ်နုအဗ္ဗာစ် (ရဿွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။ သက်တော်လေးဆယ်တွင်အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ထံ
ဝဟီဗျာဒိတ်တော်ကျရောက်ခဲ့သည်။ ကိုယ်တော်သည် မက္ကာဟ်မြို့တွင် တစ်ဆယ့်သုံးနှစ်
နေထိုင်တော်မူခဲ့သည်။ ထို့နောက် ‘ဟိဂျ်ရသ်’ နေရပ်စွန့်ခွာပြောင်းရွေ့ရန်
အမိန့်ပေးခြင်းခံခဲ့ရသည်။ ထို့ကြောင့် ကိုယ်တော်သည် မဒီနဟ်မြို့သို့ဟိဂျ်ရသ်ပြု
ရွှေ့ပြောင်းတော်မူကာ ထိုမြို့၌ ဆယ်နှစ်တိုင် နေထိုင်တော်မူပြီး
ကွယ်လွန်တော်မူခဲ့သည်။ [صحيح] [متفق عليه]

အိဗ်နုအဗ္ဗာစ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ပြောကြားခဲ့သည်မှာသက်တော်လေးဆယ်အရွယ်တွင် တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)အပေါ်ဝဟီဗျာဒိတ်တော်ကျရောက်ခဲ့ပြီး နဗီတမန်တော်အဖြစ် စေလွှတ်ခြင်းခံရသည်။ဝဟီကျရောက်ပြီးနောက် ကိုယ်တော်သည် မက္ကာဟ်မြို့တွင် တစ်ဆယ့်သုံးနှစ်နေထိုင်ခဲ့သည်။ထို့နောက် မဒီနဟ်မြို့သို့ဟိဂျ်ရသ်ပြုရွှေ့ပြောင်းရန်အမိန့်ပေးခြင်းခံခဲ့ရသည်။ထိုမြို့ ၌ဆယ်နှစ်တိုင် နေထိုင်တော်မူပြီးသက်တော် (၆၃) နှစ်တွင် ဝဖာသ်ဖြစ် ကွယ်လွန်တော်မူခဲ့သည်။

http://sunnah.global/hadeeth/my/show/65050